# ရောင်စုံရုပ်ပြ ပဋ္ဌာန်း

## (၂၄)ပစ္စည်း
နှင့်
## ရှင်းချက်များ

S.S ခင်မောင်အေး
၏
ဓမ္မစေတီ

စတုတ္ထအကြိမ် ( ပြင်ဆင်ဖြည့်စွက်ချက် )

## ဤစာအုပ်တွင်---

၁။ ရောင်ခြည်တော်(၆)သွယ်နှင့် ဗုဒ္ဓသာသနာ့အလံ
၂။ "ပစ္စည်း" ရှင်းလင်းချက်
၃။ ပဋ္ဌာန်း(၂၄)ပစ္စည်းကို သရုပ်ဖော်ပုံနှင့် ရှင်းလင်းတင်ပြခြင်း
၄။ ပဋ္ဌာန်းကျမ်း၏အနှစ်ချုပ်မှာ
၅။ ပဋ္ဌာန်းကျမ်းစတင်ရာ
၆။ ရောင်ခြည်တော်များ ကွန့်မြူးလာပုံ
၇။ ပဋ္ဌာန်းကျမ်း စတင်ဟောသည့်နေရာ
၈။ ပဋ္ဌာန်းကျမ်းကြီး လူ့ပြည်ရောက်ရှိလာပုံ
၉။ ပဋ္ဌာန်းကျမ်းတော် ကျယ်ဝန်းပုံ
၁၀။ (၂၄)ပစ္စည်းသည် ပဋ္ဌာန်းကျမ်းကြီး၏ အနှစ်ချုပ်သာ
၁၁။ ရွတ်ဖတ်ရုံထက် နှလုံးသွင်းဆင်ခြင်ခြင်းက အဆရာထောင်မက သာလွန်
၁၂။ သာသနာတော်နှစ်(၅၀၀၀)ဟု ဆိုသော်လည်း
၁၃။ ပဋ္ဌာန်းကျမ်းသည် ဗုဒ္ဓသာသနာအတွက် ရှေ့တန်းမဟာခံတပ်ကြီး
၁၄။ ကံပွင့်၊ ဉာဏ်မြင့် တန်ခိုးကြီးတရားတော်

# အမှာစာ

ငယ်စဉ်ခါက (၂၄)ပစ္စည်းကို ပဋ္ဌာန်းဟူ၍ပင် သိနားလည်ခဲ့ပါသည်။ နောက်-ပဋ္ဌာန်းကျမ်းကြီးတွေကို ဖတ်ခွင့်ရမှသာ (၂၄) ပစ္စည်းသည် ပဋ္ဌာန်းကျမ်းကြီး၏ အနှစ်ချုပ်သာ ဖြစ်ကြောင်း သဘော ပေါက်ခဲ့ရပါသည်။

တဖန် ပဋ္ဌာန်းကျမ်းကြီးသည် လေ့လာလေ ကျယ်ဝန်းနက်နဲလေ ဖြစ်လာသည့်အတွက် (၂၄)ပစ္စည်းကိုပင် ပထမဦးစွာနားလည်သဘောပေါက်ဖို့ လိုပါသည်။ တချို့ ဗုဒ္ဓဘာသာဝင်များမှာ (၂၄) ပစ္စည်းကို မန္တန်လိုသဘောထားပြီး ရွတ်ဖတ်နေကြပါသည်။ မြတ်စွာဘုရားရှင်သည် တရားတော်များကို အနုလုံပဋိလုံ နှလုံးသွင်းဆင်ခြင်ပြီးမှ ကျင့်ကြံပွားများသည့်အဆင့်ထိ တက်လှမ်းနိုင်ရန် မိန့်ကြားတော်မူခဲ့ပါသည်။

ထို့ကြောင့် ဗုဒ္ဓဘာသာဝင်များအား (တခြားဘာသာဝင်များနှင့်မတူစေဘဲ) တစ်မူထူးခြားသည့်ထေရဝါဒ ဗုဒ္ဓဘာသာဝင်စစ်စစ်များ ဖြစ်စေလိုသောဆန္ဒကြောင့် (၂၄)ပစ္စည်းကို အဋ္ဌကထာဆရာတော်များ၏ အာဘော်အတိုင်း ပုံနှင့်တကွ ကြိုးစားပြီး ရှင်းလင်းတင်ပြထားပါသည်။ (၂၄)ပစ္စည်းအခြေခံကို နားလည်သဘောပေါက်ပြီဆိုမှ ပဋ္ဌာန်းကျမ်းကြီးများကို အဆင့်ဆင့်လေ့လာကျင့်ကြံနိုင်ပါစေကြောင်း မေတ္တာစေတနာသန့်သန့်ဖြင့် ဆုမွန်ကောင်းတောင်းအပ်ပါသည်။


စာစီသူ

Dr. [illegible] Dr. [illegible] ဝင်းမောင်မောင်

မာတိကာ

၁။ ရောင်ခြည်တော်(၆)သွယ်နှင့် ဗုဒ္ဓသာသနာ့အလံ - ၅
၂။ "ပစ္စည်း" ရှင်းလင်းချက် - ၆
၃။ ပဋ္ဌာန်း(၂၄)ပစ္စည်းကို သရုပ်ဖော်ပုံနှင့်
ရှင်းလင်းတင်ပြခြင်း - ၇
၄။ ပဋ္ဌာန်းကျမ်း၏အနှစ်ချုပ်မှာ - ၃၁
၅။ ပဋ္ဌာန်းကျမ်းစတင်ရာ - ၃၁
၆။ ရောင်ခြည်တော်များ ကွန့်မြူးလာပုံ - ၃၃
၇။ ပဋ္ဌာန်းကျမ်း စတင်ဟောသည့်နေရာ - ၃၄
၈။ ပဋ္ဌာန်းကျမ်းကြီး လူပြည်ရောက်ရှိလာပုံ - ၃၅
၉။ ပဋ္ဌာန်းကျမ်းတော် ကျယ်ဝန်းပုံ - ၃၆
၁၀။(၂၄)ပစ္စည်းသည် ပဋ္ဌာန်းကျမ်းကြီး၏
အနှစ်ချုပ်သာ - ၃၈
၁၁။ရွတ်ဖတ်ရုံထက် နှလုံးသွင်းဆင်ခြင်ခြင်းက
အဆရာထောင်မက သာလွန် - ၃၉
၁၂။သာသနာတော်နှစ်(၅၀၀၀)ဟု ဆိုသော်လည်း - ၄၂
၁၃။ပဋ္ဌာန်းကျမ်းသည် ဗုဒ္ဓသာသနာအတွက်
ရွှေတန်းမဟာခံတပ်ကြီး - ၄၃
၁၄။ကံပွင့်၊ ဉာဏ်မြင့် တန်ခိုးကြီးတရားတော် - ၄၄
၁၅။ စာရေးသူ၏အတ္ထုပ္ပတ္တိ - ၄၆
၁၆။ မှိုငြမ်းကျမ်းနှင့် ကျေးဇူးတင်စကား - ၄၈

## ၁။ ရောင်ခြည်တော်(၆)သွယ်နှင့် ဗုဒ္ဓသာသနာ့အလံ




ယခု ဗုဒ္ဓသာသနာ့အလံသည် မြတ်စွာဘုရား၏ ရောင်ခြည်တော် (၆)သွယ်ကို ဖော်ကျူးထားခြင်းဖြစ်သည်။ အမေရိကန်လူမျိုး ဗိုလ်မှူးကြီး (အငြိမ်းစား)ဟင်နရီစတီးလ်အော်လကော့ (ဗုဒ္ဓဘာသာဝင်အဖြစ် ကူးပြောင်းလာသူ)၏စေတနာနှင့်ပညာကြောင့် ဗုဒ္ဓ၏ရောင်ခြည်တော် (၆)သွယ်ကို စိတ်ကူးတီထွင်ကာ ဗုဒ္ဓသာသနာ့အလံဟူ၍ (၁၈၈၅) ခုနှစ် ကတည်းက သီဟိုဠ်ကျွန်း (သီရိလင်္ကာ)မှာလွှင့်ထူနိုင်ခဲ့သည်။

(၁၉၅၀)ပြည့်နှစ် သီရိလင်္ကာမှာကျင်းပသည့် ကမ္ဘာ့ဗုဒ္ဓဘာသာညီလာခံကြီးတွင် ထိုအလံတော်ကို တစ်ကမ္ဘာလုံးက ဗုဒ္ဓသာသနာ့အလံတော်အဖြစ် အတည်ပြုခဲ့ကြသည်။ မြန်မာနိုင်ငံတွင်မူ ၁၉၅၆ (၁၃၁၈)ခု ဆဋ္ဌသင်္ဂါယနာတင်ပွဲတော် (မဟာပါသာဏလိုဏ်ဂူ၊ ကမ္ဘာအေးဘုရား) မှာ ဗုဒ္ဓသာသနာ့အလံကို စတင် လွှင့်ထူခဲ့ပေသည်။


ကျေးဇူးပြုခြင်း၊ အကျိုးပြုခြင်း
(၁) မဖြစ်ပေါ်သေးသည်ကို ဖြစ်ပေါ်စေခြင်း
(၂) ဖြစ်ပေါ်ပြီးသည်ကို တည်နေစေခြင်း
(၃) တည်နေသည်ကို တိုးပွားစေခြင်း
သစ်စေ့မှ သစ်ပင်ပေါက်ခြင်း
ဆက်လက်ရှင်သန်အောင် ပြုစုပျိုးထောင်ခြင်း
ရှင်သန်ပြီး သစ်ပင်ကို တိုးပွားစည်ပင်စေခြင်း


၁။
= ဟိတ်(၆)ပါးကြောင့်ဆိုင်ရာ အကျိုးပေးခြင်း
(ရေသောက်မြစ်နှင့်တူ၏။)
လောဘ ဒေါသ မောဟ ဟိတ်(၃)ပါး၏အကျိုး
ဆိုးရွားသော ခံစားရမည်။
အလောဘ အဒေါသ အမောဟ ဟိတ်(၃)ပါး၏ အကျိုးကျေးဇူးကဲ့သို့ သန့်ရှင်း သန်မာကြီးထွားပြီး စီးပွားစိုလာပါမည်။
အဒေါသဟိတ် = မခက်ထန် မကြမ်းတမ်းခြင်း၊ အမျက်မရှိခြင်း
အမောဟဟိတ် = မတွေဝေခြင်း၊ မှားယွင်းသော အယူဝါဒကိုပယ်ခြင်း၊ မှန်သောတရားကို လက်ကိုင်ထားခြင်း
အလောဘဟိတ် = လောကီအာရုံ ကာမဂုဏ်တို့၌ တပ်မက်ခြင်းမရှိ
ဟိတ်(၆)ပါး
လောဘ
ဒေါသ
မောဟ
အလောဘ
အဒေါသ
အမောဟ

## ၂။ အာရမ္မဏာဓိပတိပစ္စယော = အာရုံ(၆)ပါးအပေါ် မှီ၍ ဖြစ်ရခြင်း

(တောင်ဝှေး၊ ကြိုးတန်းနှင့်တူ၏။)



စိတ်၊ စေတသိတ်တို့မှာလည်း အာရုံ(၆)ပါးကို မှီပြီးမှကုသိုလ်စိတ်၊ အကုသိုလ်စိတ်၊ အကျိုးစိတ်၊ အကြောင်းအကျိုး လွတ်စိတ် တို့ဖြစ်ပေါ် ရသည်၊

အာရုံ(၆)ပါး

၁။ အဆင်း (ရူပါရုံ)

၂။ အသံ (သဒ္ဒါရုံ)

၃။ အနံ့ (ဂန္ဓာရုံ)

၄။ အရသာ (ရသာရုံ)

၅။ အထိအတွေ့ (ဖောဋ္ဌဗ္ဗာရုံ)

၆။ စိတ်ခံစားမှု (ဓမ္မာရုံ)

မသန်မစွမ်း မမြင်ရသူတို့မှာ ကြိုးတန်း၊ တောင်ဝှေးတို့ ကိုသာ အမှီပြုပြီး သွားလာလှုပ်ရှားရသည်။

## ၃။ အဓိပတိပစ္စယော = ထိပ်ဆုံး၊ အမြင့်ဆုံးက ဦးဆောင်ခြင်း

(အကြီးဆုံးခေါင်းဆောင်ချုပ်နှင့် တူ၏။)



၁။ ဆန္ဒာဓိပတိ = အလိုဆန္ဒအလွန်ပြင်းပြခြင်း

၂။ ဝီရိယာဓိပတိ = လုံ့လစိုက်ထုတ်မှု ကြီးမားခြင်း

၃။ စိတ္တာဓိပတိ = စိတ်ဓာတ်ပြင်းထန်လွန်းခြင်း

၄။ ဝီမံသာဓိပတိ = အသိဉာဏ်ပညာ ထက်မြက် အားကောင်းခြင်း

မြို့ဘက်မရှိ စကြာမင်းအောက်မှာ လက်အောက်ခံမင်းများ ပြားပြားဝပ်နေရသလို အဓိပတိစိတ်တစ်ခုကသာ ခေါင်းတပ်ပြီ ဆိုလျှင် ကျန်စိတ်(၃)မျိုးသည် နောက်လိုက်ဖြစ်သွားကြရသည်။

## ၄။ **အနန္တရပစ္စယော** = တစ်ဆက်တည်းအကြားမရှိဖြစ်ပေါ်ခြင်း

(စကြာမင်းနတ်ရွာစံပြီးတစ်ပြိုင်နက်သားကြီးသည်
ဘုရင်ဖြစ်လာသည်နှင့်တူ၏။)

နိယာမ(အမြဲတမ်းရှိသည့်)တရား(၅)ပါး

၁။ စိတ္တနိယာမ
၂။ ဥတုနိယာမ
၃။ ဗီဇနိယာမ
၄။ ကမ္မနိယာမ
၅။ ဓမ္မနိယာမ

တို့သည် ဘယ်ဖန်တီးရှင်မှ တားဆီးဖို့၊
ဖန်ဆင်းဖို့ မရနိုင်ဘဲ နိယာမတရားအတိုင်း
အကြောင်းအကျိုးတစ်ဆက်တည်းဖြစ်ရသည်။
သားကြီးဘုရင်ဖြစ်လာဖို့ စကြာမင်းကြီး
သေပေးရသလို စိတ်အစဉ်တွေ
နောက်ကဆက်တိုက်ဖြစ်ဖို့



ရှေ့ကစိတ်တွေ ပျက်.ပျက်ပေးရသည်။



## ၅။ **သမနန္တရပစ္စယော** = ကောင်းစွာတစ်ဆက်တည်းအတားအဆီးမရှိ

(စကြာမင်းတောထွက်ရာ သားကြီးဘုရင်ဖြစ်သည်နှင့်တူ၏။)

စကြာဝတေးမင်းသည်
အရည႒ါသီတောရပ်မှီသော
အခါ သားကြီးရတနာမှာ
တစ်ဆက်တည်း
အကြားမရှိ
ကောင်းစွာ
ဘုရင်ဖြစ်သကဲ့သို့
စိတ်များ
ဆက်ကာဆက်ကာ
(တစ်စိတ်တည်း
ထင်ရလောက်အောင်)
ကောင်းစွာဖြစ်ပေါ်စေသည်။





## ၆။ သဟဇာတပစ္စယော = တစ်ပြိုင်နက်တည်းအတူတကွဖြစ်ပေါ်ခြင်း

(မီးထွန်းလိုက်သည်နှင့်တစ်ပြိုင်နက် မီးရောင်ဖြစ်ပေါ်လာသည်နှင့်တူ၏။)



မီးနှင့် မီးရောင်
မည်သည်ကအရင်ဖြစ်ခြင်းမရှိ။
မီးနှင့်အလင်းရောင်
အတူတကွကျေးဇူးပြုသလို

နာမ်ခန္ဓာလေးပါး
(ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊
သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ)
တို့သည်အတူတကွတစ်ပြိုင်နက်တည်း
ကျေးဇူးပြုကြသည်။

## ၇။ အညမညပစ္စယော = အချင်းချင်းအပြန်အလှန်မှီရခြင်း

(သုံးချောင်းထောက် ခွေးခြေခုံနှင့်တူ၏။)



ခွေးခြေခုံမှာ
ခြေ(၂)ချောင်းတည်းဆိုလျှင်
ယိုင်လဲသွားမည်။
နောက်တစ်ချောင်းက
ထောက်ထားမှသာ
ခိုင်မြဲစေသည်။
နောက်တစ်ချောင်းကိုလည်း
ယခင်နှစ်ချောင်းက
ပြန်ပြီးထောက်ကန်
ထားသည်။

ထိုကဲ့သို့ပင်
ရုပ်တရား၊
နာမ်တရား
တို့သည်လည်း
အချင်းချင်း
အပြန်အလှန်
အမှီသဟဲ
ထောက်ကန်ပြီး၊
ကျေးဇူးပြုကြသည်။


၈။ နိဿယပစ္စယော = နောက်မှသည် အရင်ဖြစ်နှင့်သူကိုမှီရခြင်း
(သစ်ပင်ကမြေကြီးကို မှီခိုရပ်တည်ရသည်နှင့်တူ၏။)
သစ်ပင်တစ်ပင်စိုက်ပျိုးဖို့
မြေကြီးကအရင်ရှိနှင့်ရသည်။
သစ်ပင်ကနောက်မှလိုက်ပြီး
မြေကြီးကိုအမှီပြုပြီးပေါက်ရသလိုပဲ
ဒုစရိုက်မှု သုစရိုက်မှုတို့မှာလည်း
ရှေးရှေးကအကြောင်းတရားတွေပေါ်မှာ
နောက်အကျိုးတရားတွေက
မှီပြီးမှ ဖြစ်ပေါ်ရသည်။


၉။ ဥပနိဿယပစ္စယော = အားကောင်းသောအကြောင်းကအကျိုးပြုခြင်း
(မိုးရွာချခြင်းနှင့်တူ၏။)
မြေကြီးပေါ်မှာပေါက်ရသည့်
သစ်ပင်ကို
မိုးရွာချပေးခြင်းဖြင့်
စိမ်းလန်းစိုပြေစေသည်။
သဒ္ဓါတရားကိုအမှီပြုပြီး
ဥပုသ်၊ သီလ၊ သမထ၊
ဘာဝနာ၊ ဝိပဿနာတွေမှ
တစ်ဆင့် မဂ်တရား၊
အဘိညာဉ်တရား၊
သမာပတ်ဝင်စားမှု
စသည်တို့ကို
ဖြစ်ပေါ်စေနိုင်သည်။


၁၀။ ပုရေဇာတပစ္စယော = ရှေ့ကသည် နောက်မှကို တိုးပွားစေခြင်း
(ရှေ့မှရှိနှင့်သည့်နေ၊လနှင့်တူ၏။)
မိဘတွေက
သားသမီးတွေထက်
အရင်ဖြစ်နှင့်ရ၏။
ကမ္ဘာဦးလူသားတွေထက်
နေ၊လတို့သည်
အရင်ဖြစ်ပြီးမှ
သတ္တဝါများကို
အကျိုးပြုသည်။
အခန့်မျိုးစုံတို့သည် မိမိအကျိုးပြုမည့်
တရားတွေ၏ အရင်ဖြစ်နှင့်ရသည်။


၁၁။ ပစ္ဆာဇာတပစ္စယော = အရင်ဖြစ်နှင့်သည်ကို နောက်မှဖြစ်ရမည်က
ထောက်ပံ့ခြင်း (လင်းတပေါက်စလေးများနှင့်တူ၏။)
လင်းတငှက်ကလေးများ
ပေါက်ခါစမှာ
လင်းတဖိုမတို့သည်
သူတို့အတွက်သာ
အစာရှာစားကြ
သည်။ ကလေး
တွေအတွက်လုံးဝ
မကျွေးပေ။ကလေး
တွေက မိဘပြန်လာ
လျှင် စားရန်
စားရမည်နှင့်
မျှော်လင့်ချက်ဖြင့်
အသက်ရှင်နေရ
သည်။ သို့သော်
ထိုအခါမစားရရှာပေ။
မစားရသမန်းဖြစ်နေ၏။
သူတို့ကလေးတွေ
ကိုယ်တိုင်ထွက်နိုင်မှသာ
စားရလေ၏။
ထို့အတူ
စိတ်အားထက်သန်မှုတွေ
ဖြစ်နေလျှင် ရုပ်တွေ
လန်းဆန်းနေရသည်။
စိတ်အားလျော့သွားလျှင်
ရုပ်တွေလည်း
ကျသွား၏။

## ၁၂။ အာသေဝနပစ္စယော = အဖန်တလဲလဲမှီဝဲပြီးမှကျေးဇူးပြုခြင်း
(အရောင်တင်ဆီအထပ်ထပ်တင်ရင်း အရောင်တက်လာခြင်းနှင့်တူ၏။)

ရှေးရှေးကသင်ယူတတ်မြောက်ထားခဲ့သည့်စာပေကျမ်းဂန်တွေသည်
နောက်နောင်မှသင်ယူရသည့်ကျမ်းစာတို့ကိုထောက်ပံ့စေပြီး အခြေခံရစေပါသည်။



ယခင်ကကုသိုလ်၊ အကုသိုလ် တရားတွေသည်နောက်မှဖြစ်သည့် ကုသိုလ်၊အကုသိုလ်
တရားတို့ကိုကျေးဇူးပြုနိုင်ပေသည်။

## ၁၃။ ကမ္မပစ္စယော = စီရင်ခြင်း၊ မျိုးစေ့ဖြစ်ခြင်း
(မျိုးစေ့မှ သစ်ပင်များပေါက်ခြင်းနှင့်တူ၏။)



အစေ့၊ အညွန့်၊ အခက်၊
ပင်စည်၊ အမြစ် စသည့်
မျိုးစေ့များမှ ရေမြေတို့၏
ထောက်ပံ့မှုဖြင့် သစ်ပင်များ
ပေါက်လာကြရသကဲ့သို့

ကုသိုလ်၊ အကုသိုလ်
ကံမျိုးစေ့တို့ကြောင့်
နိဗ္ဗာန်မရမချင်း
ဘဝဆက်ဆက်မှာ
ကောင်းကျိုးဆိုးကျိုး
ပေးကြသည်။


၁၄။ ဝိပါကပစ္စယော = အကျိုးရလဒ်ဖြစ်ပေါ်စေခြင်း
(အေးချမ်းသည့်လေပြေလေညှင်းနှင့်တူ၏။)
ကုသိုလ်ကံကြောင့် ကုသိုလ်အကျိုးကို
ခံစားရမည်။
ပြာလဲ့လဲ့ကောင်းကင်ပြင်မှ
လေပြေလေညှင်းလေနုအေး
တိုက်ခတ်နေစဉ်
သစ်ပင်ရိပ်အောက်မှာ
ကိုယ်စိတ်နှစ်ပါး ချမ်းသာစွာ
ခိုနားနေရသကဲ့သို့
လူချမ်းသာတုံ၊
နတ်စည်းစိမ်တုံလည်း
ခံစားရမည်။
အကုသိုလ်ကံပြုခဲ့မိပါက
အကုသိုလ်အကျိုးနှင့်
ငရဲတိရစ္ဆာန် . . . တို့ကိုခံစားရမည်။


၁၅။ အာဟာရပစ္စယော = ထောက်ကန်ခိုင်ခံ့စေခြင်း
(အိမ်ကြီးကိုထောက်ကန်ထားသည့်ကျားနှင့်တူ၏။)
ထောက်ကန်ထားသည့်
ကျား(ထောက်)တွေသာ
မရှိဘူးဆိုရင်
လေဒဏ်မိုးဒဏ်ကြောင့်
တချိန်ချိန်မှာပြိုလဲသွားနိုင်သည်။
ထိုကဲ့သို့ပင် သတ္တဝါတွေမှာ
ရုပ်အာဟာရ၊ နာမ်အာဟာရ သာ
မရရှိနိုင်လျှင်
အသက် ဆက်လက်
ရှင်သန်နိုင်မှာမဟုတ်ပါဘူး။

## ၁၆။ ဣန္ဒြိယပစ္စယော = ကဏ္ဍတစ်ခုကိုအုပ်စိုးရခြင်း

( ဌာနတစ်ခုကို အုပ်ချုပ်ရသည့်ဝန်ကြီးနှင့်တူ၏။ )



ဣန္ဒြေအုပ်စိုးမှုသည်
အဓိပတိအုပ်စိုးမှုလောက်မကြီးပါ။
ပညာရေးဝန်ကြီး၊
သာသနာရေးဝန်ကြီး
စသည်တို့သည်
မိမိဌာနကိုမိမိအပိုင်
အစိုးရခြင်းဖြစ်သည်။

ထိုကဲ့သို့
စက္ခုန္ဒြေ၊ သောတိန္ဒြေ
. . . စသည်ဖြင့်
ဣန္ဒြေ(၂၂)ပါးတို့သည်
သူ့နေရာနှင့်သူ
အပြည့်အဝတာဝန်ယူရသည်။

## ၁၇။ ဈာနပစ္စယော = စူးစူးစိုက်စိုက်ရှုနေခြင်း

(အပေါ်စီးမှကြည့်ရသူနှင့်တူ၏။)

တောင်ထိပ်ပေါ်ကနေ တောင်အောက်မြင်ကွင်းကို မြင်ကွင်းကျယ်ကျယ်မြင်ရ၏။ အမြင့်ရောက်လေ အမြင်ကျယ်လေဖြစ်၏။ ယခုခေတ်မှန်ပြောင်းဖြင့်ကြည့်ရသလို အနီးကပ်အသေးစိတ်မြင်ရ၏။

ဈာန်ငါးပါး၊ ကုသိုလ်ဈာန်
စသည်တို့ကို စူးစူးစိုက်စိုက်
အာရုံပြုလျှင်
အမြင်မှန်တွေ့ရလာမည်။
အမြင်ကျယ်လာမည်။
နောက်ဆုံးနိဗ္ဗာန်ထိ
ဦးတည်သွား
နိုင်သည်။



## ၁၈။ မဂ္ဂါမဂ္ဂဒေသကာ = လမ်းမှန်ပို့ပေးခြင်း




## ၁၉။ စတုမဓုဋ္ဌာမဂ္ဂဒေသကာ = အတူတူယှဉ်ပြီးပေါင်းစပ်သတ္တိဖြစ်ခြင်း

(၄-မျိုးပေါင်းထားသည့် စတုမဓုနှင့်တူ၏။)




နှမ်းဆီ၊ ထောပတ်၊
ပျားရည်၊ သကာရည် တို့ကို
သမနေအောင်ရောစပ်ထား
သောကြောင့် ရသာတစ်မျိုးစီ၏
သတ္တိများပျောက်သွားကာ
ရသာ(၄)မျိုးလုံးယှဉ်လျက်
ခံစားရသည်။

ထို့အတူ စိတ်၊ ဖဿ၊
ဝေဒနာ၊ သညာ စသည့်
စေတသိက်တွေသည်
အာရုံတစ်ခုကိုခံစားလျှင်
တစ်ပြိုင်နက်တည်းဖြစ်ကြသည်။
တစ်ခုစီခွဲခြား၍မရနိုင်အောင်
နှီးနှောနေကြသည်။

## ၂၀။ ဗိမ္ဗဖလူပမ္ဗဝေဿာ = ရောနှောသော်လည်းမယှဉ်တဲ့သတ္တိပြခြင်း

(ရသာ(၆)ပါးနှင့်တူ၏။)

ချို၊ချဉ်၊စပ်၊ဖန်၊ငန်၊ခါးဖြစ်သည့်
ရသာ(၆)ပါး
ရောထားသော်လည်း




သူ့အရသာနဲ့သူ့သတ္တိပြကြ၏။
ရသာ(၆)ပါးကွဲပြားနေကြ၏။

ထို့အတူ
ပဋိသန္ဓေစိတ်၊ ကမ္မဇရုပ်၊
ကလာပ်သုံးစည်း စသည့်တရားတွေသည်
သူ့သတ္တိနှင့်သူ့သတ္တိပြကြ၏။




၂၂။ နတ္ထိပစ္စယော = မရှိမှကျေးဇူးပြုခြင်း
(ဆီမီးငြိမ်းသွား၍ မှောင်ကျသွားသည်နှင့်တူ၏။)
ဆီမီးအလင်းရောင် ငြိမ်းသွားခါမှ အမှောင်က လွှမ်းမိုးသွားသကဲ့သို့
ဥပါဒ်၊ ဌီ၊ ဘင်ဆိုသည့် ခဏငယ်သုံးချက်လုံးဝမရှိမှ နတ္ထိပစ္စည်းက ကျေးဇူးပြုစေသည်။


၂၃။ ဝိဂတပစ္စယော = ကင်းမဲ့ချုပ်ပျောက်သွားခြင်း
(နေရောင်ပျောက်ပြီး လရောင် ရောက်လာခြင်းနှင့် တူ၏။)
နေရောင်ကွယ်မှ လရောင်လင်းနိုင်သကဲ့သို့ ရှေ့စိတ်၊စေတသိက်တွေ ကင်းချုပ်ပျောက်ကွယ်သွားမှသာ နောက်စိတ်စေတသိက်တွေ ရောက်လာနိုင်သည်။


၂၄။ အဝိဂတပစ္စယော = ကင်းပျောက်မသွားခြင်း
(မဟာသမုဒ္ဒရာကြီးမှာရှိကြသည့် ရေသတ္တဝါများနှင့်တူ၏။)
ပင်လယ်သတ္တဝါတို့မှာ မဟာသမုဒ္ဒရာကြီးကိုမှီခိုနေရမှုကြောင့် ပီတိသောမနဿတွေ တိုးပွား
နေရသော်လည်းသတ္တဝါတို့ကိုဖမ်းဆီးသွားလျှင် သမုဒ္ဒရာရေက ကျေးဇူးမပြုနိုင်တော့ပေ။
ထို့အတူဥပါဒ်၊ ဌီ၊ ဘင် ခဏာငယ်သုံးချက်တို့
ချုပ်ခါနီးထိကျေးဇူးပြုနိုင်ကြောင်း... စသည်တို့ကို
သဗ္ဗညုတဉာဏ်တော်ရှင်ဗုဒ္ဓမြတ်စွာဘုရားက
သိမြင်ဟောကြားတော်မူခဲ့ပေသည်။

## ၄။ ပဌာန်းကျမ်း၏အနှစ်ချုပ်မှာ

ရုပ်တရား၊နာမ်တရားတွေ ဖြစ်ပေါ်လာပုံကို အကြောင်းအမျိုးမျိုးဖြင့် အသေးစိတ် ဟောတော်မူထားသည့်ကျမ်း ဖြစ်သည်၊

## ၅။ပဌာန်းကျမ်းစတင်ရာ

မဟာသက္ကရာဇ်(၁၀၃)ခု ကဆုန်လပြည့်ညအကုန် (လပြည့်ကျော် (၁)ရက် အရုဏ်မတက်မီ) မှာ (ခရစ်နှစ်- ၂၀၀၄ ခု အရ + BC ၅၈၉ ■ လွန်ခဲ့သော ၂၅၉၃ နှစ်၊ သာသနာသက္ကရာဇ်- ၂၅၄၈ + ၄၅ ဝါ = လွန်ခဲ့ သော ၂၅၉၃ နှစ်က) သိဒ္ဓတ္ထမင်းသားဘဝမှ ဂေါတမဗုဒ္ဓမြတ်စွာဘုရားအဖြစ် သဗ္ဗညုတဉာဏ်တော်ကို ရတော်မူခဲ့သည်။

(၁) ကဆုန်လပြည့်ကျော် (၁) ရက်မှ (၇) ရက်အထိ ပလ္လင်္ကသတ္တာဟအဖြစ် မဟာဗောဓိပင်နှင့် ရွှေပလ္လင်မှာ (၇) ရက်ပတ်လုံး ဖလသမာပတ်ချမ်းသာကို ဝင်စားတော်မူသည်၊

(၂) ကဆုန်လပြည့်ကျော် (၈) ရက်မှ (၁၄)ရက်အထိ ဗောဓိပင်၏ အရှေ့မြောက်ထောင့်၌ အနိမိသသတ္တာဟအဖြစ် မလှုပ်မယှက် မတ်တပ်ရပ်တော်မူကာ (၇)ရက်တိုင်တိုင် မဟာဗောဓိပင်ကို မျက်တောင်မခတ်ဘဲ ရှုစားတော်မူသည်။

လေးအသင်္ချေနှင့်ကမ္ဘာတစ်သိန်းလုံးလုံး ပါရမီတော်ဖြည့်ကျင့်ခဲ့ပြီးမှ ရတော်ရခဲလှသည့် သဗ္ဗညုတဉာဏ်တော်ရရှိခဲ့သော မဟာဗောဓိပင်နှင့် ပလ္လင်တော်နေရာကို ထူးမြတ်လှသည့်

အနေဖြင့်ရှုစိုက်ပြီး ကြည့်တော်မူခြင်းဖြစ်သည်။

(၃) ကဆုန်လကွယ်နေ့မှ နယုန်လဆန်း(၆)ရက်အထိ ပလ္လင်တော်နှင့် အနိမိသအကြား အရှေ့အနောက်တန်းလျက် ရတနာစင်္ကြံတော်ကို ဖန်ဆင်းတော်မူ၍ (၇)ရက်တိုင်တိုင် မရပ်မနားဘဲ စင်္ကြံကြွတော်မူသည်။ ပလ္လင်တော်အား (၇) ရက်တိုင်တိုင် ရှုစိုက်ကြည့်နေခြင်းကို နတ်ဗြဟ္မာတို့က မြတ်စွာဘုရားသည် ပလ္လင်တော်၌ တွယ်တာမှု ကိလေသာ ရှိနေသည်ဟု ထင်မှတ်မှားနေကြ၏။ ထိုယုံမှားမှုကို ပယ်ဖျောက်ရန် ရတနာစင်္ကြံဖန်ဆင်းကာ ခေါက်တုံ့ခေါက်ပြန် စင်္ကြံလျှောက်တော်မူ၏။

(၄) နယုန်လဆန်း(၇)ရက်နေ့မှ (၁၃)ရက်အထိ မဟာဗောဓိပင်၏ အနောက်မြောက်အရပ်၌ နတ်တို့ဖန်ဆင်းအပ်သော ရတနာဃရ (ရွှေအိမ်)တွင် (၇)ရက်တိုင်တိုင် ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူ ကာ အဘိဓမ္မာပိဋကတရားတော်မြတ်ကို သုံးသပ်ဆင်ခြင်တော်မူသည်။ မြတ်စွာဘုရားသည် ဝေနေယျသတ္တဝါအပေါင်းတို့ကို ကြည့်ရှုဆင်ခြင်တော်မူရာ ကျွတ်ထိုက်သူတို့ အားသီလတည်စေပြီး သမာဓိဖြင့် စိတ်ကို တည်ကြည်အောင်ထိန်းကာ ပညာဖြင့် ဝိပဿနာ အားထုတ်ကျင့်ကြံ၍ မဂ်ဖိုလ်နိဗ္ဗာန် ရောက်ကြရမည်ကို မြင်တော်မူ၏။ ထို့ကြောင့် ရှေးဦးစွာ သီလဆိုင်ရာ ဝိနည်းပိဋကကို စဦးဆုံး သုံးသပ်ဆင်ခြင်တော်မူသည်။ ထို့နောက် သမာဓိကို ပြဆို ရာ သုတ္တန်ပိဋက၊ ထို့မှ ပညာပိုင်းဆိုင်ရာ အဘိဓမ္မာပိဋက စသည်ဖြင့် သုံးသပ်ဆင်ခြင်တော်မူ၏။

## ၆။ ရောင်ခြည်တော်များ ကွန့်မြူးလာပုံ

နောက်ဆုံး အဘိဓမ္မာပိဋက(၇)ကျမ်း တရားတော်များကို သုံးသပ်ဆင်ခြင်တော်မူရာ အောက်ပိုင်းဖြစ်သော ၁။ ဓမ္မသင်္ဂဏီကျမ်း၊ ၂။ ဝိဘင်းကျမ်း၊ ၃။ ဓာတုကထာကျမ်း၊ ၄။ ပုဂ္ဂလပညတ်ကျမ်း၊ ၅။ ကထာဝတ္ထုကျမ်း၊ ၆။ ယမိုက်ကျမ်း တို့ကို သုံးသပ်ဆင်ခြင်တော်မူခိုက်၌ သဗ္ဗညုတဉာဏ်တော်က ကျယ်ဝန်းပြီး တရားနည်းကကျဉ်းသဖြင့် ဉာဏ်တော် ကွန့်မြူးနိုင်ခြင်း မရှိသေးပေ။ ခုနစ်ဆင့်မြောက်ဖြစ်သည့် အနန္တနယသမန္တပဋ္ဌာန်းကျမ်းကြီးကို သုံးသပ်ဆင်ခြင်တော်မူသောအခါမှ (ယူဇနာတစ်ထောင်ရှိသည့် တိမင်္ဂလငါးကြီးမှာ မူလက လူးလွန့်ရန်နေရာမလုံလောက်ရာမှ မဟာသမုဒ္ဒရာကြီးထဲရောက်လာကာ လူးလွန့်မြူးကွန့်ခွင့် ရလာသည့်ပမာ )သဗ္ဗညုတဉာဏ်တော်သည် ရွှင်လန်းကွန့်မြူးတော်မူလာကာ ကိုယ်တော်မြတ်၏ ရှေ့နောက် ဝဲယာ ထက်အောက် အရပ်မျက်နှာအသီးသီးသို့ အပိုင်းအခြားအဆီးအတားမရှိ ရောင်ခြည်တော် ( ၆ )ပါးသည် ထိန်လင်းတောက်ပလေတော့သည်။

ထိုသို့ထွက်ပေါ်လာခြင်းသည် မြတ်ဗုဒ္ဓ၏ဘုန်းတန်ခိုးတော်အနန္တ ဖြစ်ပေါ်လာခြင်းပင်ဖြစ်သည်။ သဗ္ဗညုတဉာဏ်တော် ရွှင်လန်းကွန့်မြူးသောအခါ ဉာဏ်တော်နှင့်အတူ စိတ်စေတသိက်တရားများလည်း ရွှင်လန်းကွန့်မြူးလာသည်။ မြတ်စွာဘုရား၏ သန္တာန်၌ အလွန်နှစ်သက်ဝမ်းမြောက်ခြင်း ပီတိတရားများဖြစ်ပွား

လာကာ စိတ်စေတသိတ်တရားတို့ တည်နေရာ ဟဒယဝတ္ထု ခေါ် နှလုံးသွေးလည်း ကြည်လင်တောက်ပလာသည်။ ထိုမှ နှလုံးသွေး နှင့် ဆက်စပ်လျက်ရှိသည့် အသွေးတော်၊ အသား၊ အရိုး၊ အကြော၊ အရေတော် စသည့် ဣန္ဒြေငါးပါး၊ အခြား စိတ္တဇ ကမ္မဇ အာဟာရဇ ဥတုဇ ရုပ်တရားများလည်း ကြည်လင်တောက်ပလာပြီး အိမ်လုံးတိမ်လုံးခန့် ပမာဏရှိသော ရောင်ခြည်တော် (၆)သွယ်တို့သည် တဝင်းဝင်းတလက်လက်တောက်ပလျက် (ယနေ့တိုင်အောင်) စကြာဝဠာအနန္တသို့ အဆုံးအပိုင်းအခြားမရှိ ကွန့်မြူး ပြေးသွားလေတော့၏။

သဗ္ဗညုတဉာဏ်တော်ဖြင့် အခြားတရားတော်များကို ဆင်ခြင် သုံးသပ်ချိန်မှာ ထူးခြားမှုမရှိသေးပေ။ ပဋ္ဌာန်းကျမ်းကြီးကို ဆင်ခြင် သုံးသပ်သောအခါမှသာ ထူးခြားစွာရောင်ခြည်တော် (၆)ပါးကွန့် မြူးပေါ်ထွက်လာခြင်းမှာ ပဋ္ဌာန်းတရားတော်၏ တန်ခိုးတော် ကြီးမားမှုကြောင့် ဖြစ်ပေသည်။

## ၇။ ပဋ္ဌာန်းကျမ်း စတင်ဟောသည့်နေရာ

စတုတ္ထ သတ္တသတ္တာဟနေရာ ရတနာဃရ (ရွှေအိမ်)တွင် မြတ်စွာဘုရားရှင်သည် ပဋ္ဌာန်းကျမ်းကြီးကို နှလုံးသွင်းဆင်ခြင်ခြင်း သာ ဖြစ်သည်။ နှုတ်မှမြွက်ဟ ဟောကြားတော်မူခြင်း မရှိသေးပေ။

မြတ်စွာဘုရားရှင် ဝါတော်(၇)ဝါအရောက်တွင် သာဝတ္ထိပြည် သရက်မြိုင်ရင်းမှာ ရေမီးအစုံတန်ခိုးတော်ပြပြီး တာဝတိံသာနတ်

ပြည်သို့ ကြွသွားခဲ့လေသည်။ ထိုသို့ကြွတော်မူခြင်းကို ပရိသတ်ထဲမှ (တန်ခိုးအရာမှာ တေဒဂ်ဘွဲ့ရ) အရှင်မဟာမောဂ္ဂလာန်မှတစ်ပါး အခြားမည်သူမျှ မသိနိုင်ပါ။

မယ်တော် မဟာမာယာဒေဝီသည် ဘုရားလောင်းကို ဖွားမြင်ပြီး (၇)ရက်အကြာ ကံတော်ကုန်သည့်အခါ တုသိတာနတ်ပြည်မှာ နတ်သားဖြစ်သွားသည်။ (တချို့ကျမ်းတွေမှာ နတ်သမီးဖြစ်သည် ဆိုသည်မှာမှားသည်။ ဘုရားလောင်း၏မယ်တော်များ နတ်ပြည် မှာ နတ်သားဖြစ်ရခြင်းသည် ဓမ္မတာတစ်ခုဖြစ်သောကြောင့်ပင်) မြတ်စွာဘုရားသည် မိခင်ဟောင်း၏ကျေးဇူးကို ဆပ်လိုသည်က တစ်ကြောင်း၊ အဘိဓမ္မာကို အစအဆုံးနာယူနိုင်သည့် ပရိသတ်မှာ နတ်ဗြဟ္မာများသာ ဖြစ်နိုင်သောကြောင့်တစ်ကြောင်း၊ လူ့ပြည်မှာ မဟောဘဲ နတ်ပြည်တက်ပြီး ဟောရခြင်းဖြစ်သည်။

ထိုသို့မယ်တော်ဟောင်းနတ်သားကို အမှူးထားပြီး အဘိဓမ္မာတရားကို ဟောပြောသည်မှာ ဝါတွင်း(၃)လပတ်လုံး ရေတံခွန်မှ အဆက်မပြတ် စီးဆင်းနေသကဲ့သို့ ဆက်တိုက်ဖြစ်၏။

## ၈။ ပဋ္ဌာန်းကျမ်းကြီး လူ့ပြည်ရောက်ရှိလာပုံ

မြတ်စွာဘုရားသည် နတ်ပြည်၌ နိမ္မိတရုပ်ပွားတော်ကို
၍ တရားဆက်ဟောစေပြီး လူ့ပြည်သို့ ကြွတော်မူ
တော်သစ်ခြင်း၊ ကုရုသွားခြင်း၊ ရေသုံးသပ်ခြင်း၊ ဆွမ်း
ဘုန်းပေးတော်မူခြင်း၊ နေ့သန့်စင်ခြင်း စသည်တို့ကို

သည်။ ထိုသို့ နေသန့်နေသည့်အခါတိုင်း တရားစစ်သူကြီး အရှင်သာရိပုတ္တရာ ကြွလာပြီး ဝတ်ကြီးဝတ်ငယ် ပြုစုပေးတော်မူခဲ့၏။ ထိုသို့ဝတ်ပြုစဉ် မြတ်စွာဘုရားက အရှင်သာရိပုတ္တရာအား နတ်ပြည်၌ ဟောကြားခဲ့သည့် ပဋ္ဌာန်းတရားတော်ကို အကျဉ်းချုံ့ဟောပြတော်မူခဲ့သည်။ ထိုအကျဉ်းကို ရှင်သာရိပုတ္တရာက နည်းပေါင်းများစွာဖြင့် အကျယ်ချဲ့ တန်ဆာဆင်ကာ သိရှိတော်မူလေသည်။

ထိုအဘိဓမ္မာကိုပင် (ယခင်အတိတ်ဘဝက လင်းနို့သားငါးရာဖြစ်ခဲ့ဖူးသည့်)တပည့်ရဟန်းငါးရာကို တစ်ဆင့်ပြန်လည် ဟောကြားတော်မူသည်။ ယခု ထေရဝါဒဗုဒ္ဓသာသနာ၌ သင်ကြားပို့ချနေသည့် ပဋ္ဌာန်းကျမ်းကြီးမှာ အရှင်သာရိပုတ္တရာ မှတစ်ဆင့် ပြန်လည် ဟောကြားသည့် နာတိဝိတ္ထာရ နာတိသင်္ခေပ (မကျယ်လွန်း မကျဉ်းလွန်းသော) ပဋ္ဌာန်းဒေသနာကျမ်းတော်ပင် ဖြစ်ပေသည်။

## ၉။ ပဋ္ဌာန်းကျမ်းတော် ကျယ်ဝန်းပုံ

မြတ်စွာဘုရားရှင် တာဝတိံသာနတ်ပြည်မှာ ဟောကြားတော်မူသည့် ပဋ္ဌာန်းဒေသနာသည်(အတိဝိတ္ထာရ ဒေသနာ ဖြစ်သောကြောင့်) အလွန်ကျယ်ဝန်းသောကြောင့် စကြာဝဠာတစ်သောင်းမှ နတ်ဗြဟ္မာအပေါင်းသာ နာကြားနိုင်ပေသည်။ လူပရိသတ်မှာ ထိုမျှ လောက်ထိ နာယူနိုင်စွမ်းမရှိပေ။ အဘိဓမ္မာ ကို အစကနေအဆုံးတိုင် နာယူနိုင်သည့်ပရိသတ်သည် နတ်၊ ဗြဟ္မာများသာဖြစ်နိုင်သောကြောင့် နတ်ပြည်တက်ပြီးဟောရခြင်းဖြစ်သည်။ အဘိဓမ္မာ

တရားသည် တစ်ကျမ်းတည်းနှင့် တရားဆုံး၍မဖြစ်နိုင်သောကြောင့် ဓမ္မသင်္ဂဏီကျမ်းမှအစ ပဋ္ဌာန်းကျမ်းအထိ (၇)ကျမ်းလုံး တစ်ဆက်တည်း ဟောရခြင်းဖြစ်သည်။ တဖန် ဝါတွင်း(၃)လပတ်လုံး မရပ်မနား ဟောပါမှ တရားအကျယ်ကို ပြီးဆုံးနိုင်သည်ဖြစ်သောကြောင့် မြတ်စွာဘုရားသည် နိမ္မိတရုပ်ပွားတော်ကို ဖန်ဆင်းပြီး ဆက်လက်ဟောကြားခဲ့ရသည်။ နတ်ဗြဟ္မာများသည် အစာစားရန်၊ ရေချိုးသန့်စင်ရန် မလိုပေ။ (၃)လပတ်လုံး မရပ်မနား တရားနာယူကြရာ နတ်ဗြဟ္မာအပေါင်းကုဋေရှစ်သောင်း ရဟန္တာဖြစ်ကြ၍ မရေတွက်နိုင်လောက်အောင် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်ဖြစ်ခဲ့ကြသည်။ နတ်၊ ဗြဟ္မာများမှာ (၃)လပတ်လုံး တရားနာနိုင်သော်လည်း မြတ်စွာဘုရားကား လူသားစစ်စစ်မှ ဘုရားဖြစ်လာသောကြောင့် (နတ်ဘုရား၊ ဖန်ဆင်းရှင်ဘုရား မဖြစ်သည့်အတွက်) ရေချိုးသန့်စင်ရန်၊ အစာအာဟာရဘုဉ်းပေးရန် အားလုံးလိုအပ်ပေသည်။

ပဋ္ဌာန်းကျမ်း၏အမည်ရင်းမှာ အနန္တနယသမန္တပဋ္ဌာန်းကျမ်းဟုခေါ်သည်။ နည်းစနစ်ပေါင်း အနန္တ အစအဆုံး မရှိလောက်အောင် ကျယ်ဝန်းပြည့်စုံသည်ဟု အဓိပ္ပာယ်ရသည်။

## ၁၀။ (၂၄)ပစ္စည်းသည် ပဋ္ဌာန်းကျမ်းကြီး၏ အနှစ်ချုပ်သာ

ပဋ္ဌာန်းကျမ်းကြီးမှာ ကျမ်းငယ်ပေါင်း(၂၄)ကျမ်းပါဝင်သည်။ (၂၄-ပစ္စည်း မဟုတ်ပါ။) (၂၄)ပစ္စည်းသည် ပဋ္ဌာန်းကျမ်း၏ဟောပုံဟောနည်း၌ ပါဝင်သောပစ္စည်းများဖြစ်သည့်အတွက် ပဋ္ဌာန်းကျမ်း၏ အနှစ်ချုပ်သာဖြစ်သည်။

ပဋ္ဌာန်းကျမ်းကြီးတွင် -

(၁) ဓမ္မာနုလောမ ပဋ္ဌာန်း

(၂) ဓမ္မပစ္စနီယ ပဋ္ဌာန်း

(၃) ဓမ္မာနုလောမပစ္စနီယ ပဋ္ဌာန်း

(၄) ဓမ္မပစ္စနီယာနုလောမ ပဋ္ဌာန်း ဟူ၍ နည်းကြီးဟောနည်း (၄)ကျမ်းရှိသည်။

တဖန် ထို(၄)ကျမ်းတို့ အသီးသီးတွင် -

(၁) တိက ပဋ္ဌာန်း

(၂) ဒုက ပဋ္ဌာန်း

(၃) ဒုကတိက ပဋ္ဌာန်း

(၄) တိကဒုက ပဋ္ဌာန်း

(၅) တိကတိက ပဋ္ဌာန်း

(၆) ဒုကဒုက ပဋ္ဌာန်း ဟူကျမ်းငယ်(၆)ကျမ်းစီ ထပ်မံပါဝင်ပြန်သည်။

ထို့ကြောင့် မူရင်း(၄)ကျမ်း × ကျမ်းငယ်(၆)ကျမ်း = ၂၄ကျမ်း ပါဝင်ရခြင်းဖြစ်သည်။ ဤသည့်ကြောင့်ပင် ပဋ္ဌာန်း (၂၄)ပစ္စည်းနှင့် ထင်မှတ်မှားနေကြခြင်းဖြစ်သည်။

ပဋ္ဌာန်း (၂၄)ပစ္စည်းကိုပင် နှလုံးသွင်းဆင်ခြင်နိုင်ရန် အတော်ပင် ကြိုးစားရဦးမည်ဖြစ်သည့်အတွက် အနန္တနယသမန္တ ပဋ္ဌာန်းကျမ်းကြီးဆိုလျှင် ----

## ၁၁။ ရွတ်ဖတ်ရုံထက် နှလုံးသွင်းဆင်ခြင်သုံးသပ်ခြင်းက အဆရာထောင်မက သာလွန်

မြတ်စွာဘုရားရှင်သည် ဘုရားဖြစ်တော်မူကတည်းက မိမိကိုယ်တိုင် ထိုးထွင်းသိရှိထားသည့် တရားတော်များကို (ဟောပြောသည့်အချိန်မှလွဲလျှင်) ရွတ်ဖတ်ခြင်းဟူ၍မရှိ၊ နှလုံးသွင်းဆင်ခြင်ပြီး သုံးသပ်ခဲ့ပေသည်။

ယခု မြတ်စွာဘုရား သက်တော်ထင်ရှားမရှိတော့သည့် သာသနာအတွင်းမှာ တရားတော်များကို(မြတ်စွာဘုရား၏သားတော်) သံဃာတော်များက မြတ်စွာဘုရားကိုယ်စား ရွတ်ဖတ်ပူဇော်ကြရသည်။ ဗုဒ္ဓသာသနာဝင်ပုဂ္ဂိုလ်များမှာ မြတ်စွာဘုရား၏အသံတော်ဟူ၍ ရည်မှတ်ပြီး ကြားနာခွင့်ရရှိကြလေသည်။ မြတ်စွာဘုရားသက်တော်ထင်ရှားရှိစဉ်က မြတ်စွာဘုရား၏ တရားတော်(ပါဠိ)ကို လူနတ်ဗြဟ္မာတို့သည် နားလည်နိုင်စွမ်းရှိကြသည်။

ယခု မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုပြီး(သာသနာနှစ်)၂၅၀၀ကျော်

အခါကာလမှာ သံဃာတော်များ ဘုရားစာကို (ပါဠိ)လို ရွတ်ဖတ်ပူဇော်ကြလျှင် (ဘာသာခြား မပြောနဲ့ဦး) ဗုဒ္ဓဘာသာဝင် (အလွန်နည်းပါးသည့်) အနည်းစုသာ နားလည်နိုင်စွမ်းရှိတော့သည်။ အများစုမှာ ဘုရားစာရွတ်နေသည်ဟု ကြားကာမတ္တသာ ဖြစ်နေသည်။ တရားသားကို နားလည်နိုင်စွမ်းမရှိတော့ပေ။ ဒါကတော့ ပဋ္ဌာန်းကိုရွတ်နေတာ၊ ဒါကတော့ မေတ္တာသုတ်၊ မင်္ဂလသုတ် --- စသည်ဖြင့်သာ သိတော့သည်။ တချို့ဆို ဘာ(ခေါင်းစဉ်)ကို ရွတ်ဖတ်နေမှန်းတောင် မသိနိုင်ကြတော့ပေ။

မည်သည့်စာမဆို ဖတ်တတ်ရုံ၊ ရွတ်တတ်ရုံဖြင့်မလုံလောက်ပေ။ နားလည်နိုင်စွမ်းရှိဖို့လိုသည်။ (ဥပမာ) မေတ္တာသုတ်ဆိုလျှင် ရွတ်ဆိုရုံသက်သက်အတွက် ဗုဒ္ဓဟောကြားထားခြင်းမဟုတ်ပေ။ လိုက်နာကျင့်သုံးရန် ဟောကြားထားခြင်းဖြစ်သည်။ လိုက်နာကျင့်သုံးနိုင်ဖို့ဆိုတာ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို မိမိကိုယ်တိုင်နားလည်သဘောပေါက်မှသာ နီးစပ်နိုင်မည်။ သိတာတောင်မှ မလိုက်နာ၊ မကျင့်သုံးနိုင်တာတွေရှိဦးမည်။ အဓိပ္ပာယ်ကိုတောင် မသိမှတော့ ဘာလိုက်နာရမှန်း၊ ဘာကျင့်သုံးရမှန်းကို သိမှာမဟုတ်တော့ပေ။

ဘုရားစာကို ရွတ်ဖတ်တတ်ရုံသက်သက်ဆိုလျှင် အဆင့်နိမ့်နေသေးသည်။ မရွတ်ဖတ်တာနှင့်စာလျှင်တော့ ရွတ်ဖတ်တာက ပို၍သာလွန်ပါသည်။ ကြည်ညိုစိတ်၊ သဒ္ဓါစိတ်တော့ရှိပါမည်။ သို့သော်ပညာမပါပေ။ လယ်တီဆရာတော်ရှိစဉ်က (ဗုဒ္ဓဘာသာကို စိတ်ဝင်စားသူ) နိုင်ငံခြားသားတို့ မေးမြန်းချက်များ၏ အဖြေပေး

ချက်များက ထင်ရှားကျော်ကြားလှပေသည်။ “ဗုဒ္ဓဘာသာဝင်တော်တော်များများဟာ လူ့ဒါန်းကြ၊ ဘုရားစာတွေရွတ်ကြပေမယ့် လူ့တာကို ကြွားဝါချင်ကြလို့၊ ဘုရားစာရွတ်တာတောင် ပုတီးဘယ်နှစ်ပတ်ရကြောင်း ဂုဏ်ယူချင်လို့ လုပ်ကြတာဟာ လုပ်သလောက် မထိရောက်ကြောင်း”လယ်တီဆရာတော်က မိန့်ကြားခဲ့ဖူးပေသည်။

ထို့ကြောင့် ဗုဒ္ဓဟောကြားတော်မူခဲ့သည့် ဘုရားစာများအနက်မိမိတတ်နိုင်သလောက် နားလည်နိုင်သမျှနားလည်အောင် လေ့လာရပေမည်။ နားလည်ပြီဆိုမှ နှလုံးသွင်းဆင်ခြင်သုံးသပ်ရမည်။ ထိုမှတစ်ဆင့် ကျင့်ကြံလိုက်နာလာနိုင်ပေမည်။ သို့မှသာ မည်ကာမတ္တ ဗုဒ္ဓဘာသာဝင်ထက် အဆင့်မြင့်လာပေမည်။

ဘေးအန္တရာယ် ကင်းရှင်းဖို့ပဲဖြစ်ဖြစ်၊ ကြီးပွားတိုးတက် ချမ်းသာဖို့ပဲဖြစ်ဖြစ်၊ ဘာရည်ရွယ်ချက်အတွက်ပဲ ရွတ်ဖတ်ရွတ်ဖတ်၊ ရွတ်ဖတ်ရုံမည်ကာမတ္တထက် အဓိပ္ပာယ်ကို နားလည်သဘောပေါက်ပြီး နှလုံးသွင်းဆင်ခြင်သုံးသပ်မှုပါမှသာ အဆရာထောင်မက သာလွန်ပါလိမ့်မည်။

(ဥပမာ)ကျောက်တုံးကြီးကို ဘယ်လောက်ပဲတွန်းတွန်း (ချွေးတီးတီးကျကျ၊ အားတွေဘယ်လောက်ကုန်ကုန်) ရွေ့လျားမှုမရှိလျှင် ($W = Fd = F \times zero = 10\ 000\ 000 \times 0 = 0$) အလုပ်မဖြစ်မြောက်သလို အဓိပ္ပာယ်နားလည်မှု၊ ဆင်ခြင်သုံးသပ်မှု မရှိဘဲ ရွတ်ဖတ်ခြင်းသည် (zero - သုညမကွဲဘဲ) အလုပ်မဖြစ် အကျိုးမထိရောက်နိုင်ပေ။

## ၁၂။ သာသနာတော်နှစ်(၅၀၀၀)ဟု ဆိုသော်လည်း

သာသနာတော်ဟူသည် အကျင့်တရားပင်ဖြစ်သည်။ တရားကျင့်သူ၊ အားထုတ်သူ၊ တရားလိုက်နာနေသူများ ရှိနေသေးသရွေ့ ငါးထောင်မက (ငါးသောင်းမက) တည်နိုင်သည်ဟုဆို၏။ သာသနာ(၅၀၀၀)သည် အမှန်တကယ် ဟုတ်မဟုတ် အငြင်းပွားနေကြသည်။ သေချာသည်မှာကား တရားတော်ကို ကျင့်ကြံသူ၊ အားထုတ်သူ၊ လိုက်နာသူ မရှိတော့ပါက (၅၀၀၀) မပြည့်မီပင် ကွယ်ပျောက်သွားမည် အမှန်ပင်။

တချို့နိုင်ငံများမှာ ယခင်က ဗုဒ္ဓသာသနာထွန်းကားခဲ့သော်လည်း ယခု (မိစ္ဆာဒိဋ္ဌိတို့၏လွှမ်းမိုးမှုကြောင့်) ကွယ်ပျောက်နေပေပြီ။ ဗုဒ္ဓသာသနာစတင်ရာ အိန္ဒိယပြည်မှာပင် (မိစ္ဆာဒိဋ္ဌိ အယူဝါဒရှိခဲ့သူများကြောင့်) ညှိုးမှိန်သွားပေပြီ။ သီဟိုဠ်(သီရိလင်္ကာ) နိုင်ငံမှ ဗုဒ္ဓရဟန်းများနှင့် မြန်မာရဟန်းသံဃာများ၊ တခြားဗုဒ္ဓဘာသာဝင်များ၏ ကြိုးပမ်းမှုကြောင့် နေရာကွက်ကွက်လေးတွေသာ စည်ပင်နေပေသည်။

ယခု ကမ္ဘာမှာ ထေရဝါဒဗုဒ္ဓဘာသာသည် မြန်မာနိုင်ငံက ထိပ်တန်းဖြစ်နေသည် ဆိုသော်လည်း ဗုဒ္ဓဘာသာဝင်ဦးရေ နည်းပါးလာလျှင်သော်လည်းကောင်း၊ တခြားဘာသာဝင် လူဦးရေများ တိုးပွားများပြားလာလျှင်သော်လည်းကောင်း၊ ဗုဒ္ဓဘာသာဝင်မည်ကာ

မတ္တတွေ များနေလျှင်သော်လည်းကောင်း၊ အကြောင်းကြောင်း
တွေများလာလျှင် သာသနာမကွယ်တောင် သာသနာသည် နေရာ
ပြောင်းသွားနိုင်ပေသည်။ နောက်ဆုံး လူ့ပြည်မှာကိုးကွယ်မှု၊ ယုံ
ကြည်မှု၊ ကျင့်ကြံမှုတွေ မရှိတော့လျှင် နတ်ပြည်ရောက်သွားနိုင်
သည်။ ထို့ကြောင့် သာသနာ (၅၀၀၀) သည် ကိုးကွယ်သူလူများ
အပေါ်တည်မှီနေပေသည်။

## ၁၃။ ပဋ္ဌာန်းကျမ်းသည် ဗုဒ္ဓသာသနာအတွက် ရှေ့တန်းမဟာခံတပ်ကြီး

ဗုဒ္ဓသာသနာ ကွယ်ပျောက်တော့မည်ဆိုလျှင် (ပါထိကဝဂ္ဂ
အဋ္ဌကထာအရ) ပရိယတ္တိ သာသနာ၊ ပဋိပတ္တိ သာသနာ၊ ပဋိဝေဓ
သာသနာ ဆိုသည့်သာသနာ(၃)ရပ်အနက် ပရိယတ္တိ သာသနာ
တော်က ရှေးဦးစွာကွယ်ပျောက်လိမ့်မည်။ ထိုတွင်လည်း သုတ်၊
ဝိနည်း၊ အဘိဓမ္မာဟူ၍ ပိဋက(၃)ပုံတွင် အဘိဓမ္မာပိဋကသည်
အစဆုံးကွယ်ပရလိမ့်မည်ဟုဆို၏။ တဖန် ဓမ္မသင်္ဂဏီ၊ ဝိဘင်း၊
ဓာတုကထာ၊ ပုဂ္ဂလပညတ် ကထာဝတ္ထု၊ ယမိုက်၊ ပဋ္ဌာန်းဆိုသည့်
အဘိဓမ္မာ(၇)ကျမ်းရှိသည့်အနက် ပဋ္ဌာန်းကျမ်းသည် ပထမဦးဆုံး
ကွယ်ပျောက်ရမည်။ ထိုပဋ္ဌာန်းကျမ်း ကွယ်ပျောက်ပြီးမှ ယမိုက်၊
ကထာဝတ္ထု . . . ဓမ္မသင်္ဂဏီ ဆိုပြီး နောက်ပြန်ကွယ်သွားမည်။
ထိုနောက်မှ သုတ်၊ ဝိနည်း စသည်ကွယ်မည်။ တဖန် ပရိယတ္တိ
သာသနာကွယ်ပြီးလျှင် ပဋိပတ္တိ သာသနာ၊ ပဋိဝေဓ သာသနာ

တော်နှစ်ရပ် ဆက်လက်ကွယ်ပျောက်မည်။

ထို့ကြောင့် ဗုဒ္ဓသာသနာ မကွယ်ပျောက်ရအောင် ပဋ္ဌာန်း ကျမ်းကြီးသည် ရှေ့တန်းမဟာခံတပ်ကြီးဖြစ်နေပေသည်။ ထိုရှေ့ တန်းခံတပ်ကြီး ကျသွားလျှင် နောက်ပိုင်းကျမ်းများ ဆက်ကာဆက် ကာ ကျရှုံးကာ ဗုဒ္ဓသာသနာတော်လည်း လုံးဝ(လုံးဝ)ကွယ်ပျောက် သွားပေတော့မည်။

ထိုသို့ သာသနာကွယ်ပျောက်မည့်အရေးကို သိကြလျှင် ဗုဒ္ဓ ဘာသာဝင်မည်ကာမတ္တ မဖြစ်စေဘဲ ဗုဒ္ဓသာသနာဝင်စစ်စစ်များ ဖြစ်ဖို့ တရားစာများကို နားလည်သဘောပေါက်အောင် ဖတ်ရှု မှတ်သား နာယူကျင့်ကြံဖို့ လိုပေသည်။ သာသနာတော်ကြီးတည် တံ့ပြန့်ပွားရေးအတွက် ပဋ္ဌာန်းတရားတော်အနက် (၂၄)ပစ္စည်း မှစကာ နားလည်သဘောပေါက်ဖို့ အလွန်အရေးကြီးပေသည်။ ဤမှတစ်ဆင့် ပဋ္ဌာန်းတရားတော်ကြီးကို ဆက်လက်ထိန်းသိမ်းနိုင် ဖို့ကြိုးစားကြရပေမည်။

## ၁၄။ ကံပွင့်၊ ဉာဏ်မြင့် တန်ခိုးကြီးတရားတော်

ဗုဒ္ဓမြတ်စွာဘုရားသည်ပင် ပဋ္ဌာန်းတရားတော်ကို နှလုံးသွင်း ဆင်ခြင်ချိန်ရောက်ခါမှ ရောင်ခြည်တော်များ ကွန့်မြူးလာခွင့်ရ တော့သည်ဟုဆိုလျှင် လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါအပေါင်းမှာ ဆိုဖွယ်ရာပင် မရှိတော့ပြီ။

ထို့ကြောင့် ပဋ္ဌာန်းတရားတော်ကို ရွတ်ဖတ်ပူဇော် နှလုံးသွင်း

ဆင်ခြင်ပါက (မြတ်စွာဘုရားကဲ့သို့ ရောင်ခြည်တော် ပွင့်ထွန်းလာခြင်း မရှိနိုင်သော်လည်း) မိမိ၏ကောင်းမှုအစုစု အတိတ်ကံများ ပွင့်ထွက်လာပါမည်။ မြေအောက်ထဲမှာ တိမ်မြုပ်နေသောရေများကို စုပ်ထုတ်လိုက်လို့ ရေများအပေါ်ကို ပန်းထွက်လာသလို ကံများလည်းပွင့်လာကာ ကောင်းကျိုးများ ဆယက်ထမ်းပိုး တိုးထွက်လာပါမည်။ (ယခင်အတိတ်က ကောင်းမှုရှိသလောက် ပေါ်ပါမည်။)

တန်ခိုးကြီးသည့်နတ်၊ ဗြဟ္မာများက အထူးတလည်တန်ဖိုးထားပြီး ရိုသေလေးမြတ်သည့် ပဋ္ဌာန်းတရားတော်ဖြစ်သောကြောင့် မိမိ(လူ) သည်လည်း ပဋ္ဌာန်းတရားတော်ကြောင့် တန်ခိုးအရှိန်အဝါ ကြီးမားလာမည်။ မြတ်စွာဘုရား၏ ရောင်ခြည်တော်များ စကြာဝဠာအနှံ့ ပျံ့နှံ့သွားသကဲ့သို့ မိမိ၏ကြီးစား အားထုတ်မှုမှန်သမျှ အနယ်နယ်အရပ်ရပ်၊ အတိုင်းတိုင်း အပြည်ပြည်သို့ ပျံ့နှံ့ကျယ်ပြန့်လာပေမည်။

ငါ့ရဲ့စီးပွားရေး ကြီးပွားရေး၊ အရှိန်အဝါတွေ ကြီးမားကျယ်ပြန့်အောင် ပဋ္ဌာန်းတရားကို ဂါထာမန္တန်လို ရွတ်ဆိုနေရုံနဲ့တော့ ထိရောက်မှာမဟုတ်ဘူး။ စေတနာသဒ္ဓါ မှန်ကန်ဖြောင့်မတ်ဖို့လိုပါတယ်။ ဗုဒ္ဓသာသနာတော်ကြီး မကွယ်ပျောက်ဖို့ စေတနာပါရပါ့မယ်။ ပဋ္ဌာန်းကျမ်းကြီးက အလွန့်အလွန် ကျယ်ဝန်းကြီးမားတော်မူလွန်းလို့ (၂၄)ပစ္စည်းလောက်ကိုပဲ အနက်အဓိပ္ပာယ်များဖြင့် နှလုံးသွင်းဆင်ခြင်နိုင်အောင် ကြိုးစားသင့်ပါသည်။ ဒါမှ ရုပ်၊ နာမ်တို့ရဲ့ သဘောသဘာဝကို ပိုရှုနားလည် သဘောပေါက်လာ

ပါမည်၊ အဲဒီတရား သဘောတွေကို ဆင်ခြင်မှုတွေ များလာမှသာ မိမိ၏တွေးခေါ်မြော်မြင်မှု၊ ကြံစည်စိတ်ကူးမှု၊ လက်တွေ့အကောင်အထည်ဖော်မှုတို့သည် နည်းမှန်လမ်းမှန်ဖြစ်ကာ ထံမွင့်၊ ညာဏ်မြင့်ဖြစ်လာပြီး ကြံသမျှအောင်မြင် ဖြစ်ထွန်းလာမည်ဖြစ်သည်။

(၂၄)ပစ္စည်းအခြေခံမှုတစ်ဆင့် ပဋ္ဌာန်းကျမ်းကြီး၏နက်နဲကျယ်ဝန်းမှုကို မိနိုင်သမျှမီအောင် ဆက်လက်ကြိုးစားပါက ပို၍ ထံမွင့်၊ ညာဏ်မြင့်၊ အောင်မြင်မှု တန်ခိုးအရှိန်အစော် ကြီးမားကျယ်ပြန့်လာပါမည်။

## ၁၅။ စာရေးသူ၏အတ္ထုပ္ပတ္တိ

၁၉၅၇ ခု စက်တင်ဘာ(၁၅)ရက်နေ့၊ ပခုက္ကူမြို့၊ ပိုလ်ချုပ်လမ်း (ယခင်က ခန့်သီးအခိုင်ပင်များပေါက်ရောက်ခဲ့ဖူးရာ) ခန့်တောရပ်မှာ (ဦးအုန်းမြင့်) + ဒေါ်အေးကျင်တို့မှ မွေးဖွားခဲ့ပါသည်။ ငယ်ရွယ်စဉ်ကတည်းက ပိုလ်ချုပ်လမ်းမှ မဟာစည်ရိပ်သာကျောင်း၊ မဟာဝိသုတာရာမတိုက်(အလယ်တိုက်) မန္တလေးတိုက်(အနောက်တိုက်) ဆရာတော်များနှင့် ရင်းနှီးကျွမ်းဝင်ခွင့်ရခဲ့သလို ဗုဒ္ဓစာပေများနှင့်လည်း နီးစပ်ခွင့်ရခဲ့သည်။

၁၉၇၅ ခု တက္ကသိုလ်ဝင်စာမေးပွဲ၌ သင်္ချာ၊ ဓာတုရူပ (၃)ဘာသာမှာ အမှတ် (၁၀၀၊ ၉၀ ကျော်၊ ၉၀)တို့ဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည်။ ရန်ကုန်တက္ကသိုလ်မှာ သိပ္ပံပညာရည်ချွန်ဆု (S.S= Science Scholarship) ဖြင့် တိုက်ရိုက်တက်ခွင့်

ရခဲ့သည်။ ဘွဲ့ရပြီး တွဲဖက်ကျောင်းများမှာ တာဝန်ခံဆရာအဖြစ် (၂)နှစ် အတွေ့အကြုံယူခဲ့သည်။ ထို့နောက် ပခုက္ကူမြို့မှာ ကိုယ်ပိုင် နည်းပြသင်တန်း တည်ထောင်ကာ တစ်ယောက်တည်းဖြင့် သင်္ချာ၊ ဓာတု၊ ရူပ၊ အင်္ဂလိပ် (၄)ဘာသာကို ထူးချွန်စွာပြသခဲ့သည်။ မြိုင်မြို့သူ ဒေါ်နွဲ့ကြည်နှင့် အိမ်ထောင်ကျပြီး ရန်ကုန်သို့ ၁၉၈၈ ခုနှစ်က ပြောင်းခဲ့ပါသည်။

(၉၀)ခုနှစ်မှစ၍ **N.N** ခင်မောင်အေး(သင်္ချာ) အမည်ဖြင့် နည်းပြဆရာ **N.N** ဘော်ဒါ၊ **N.N** ခင်မောင်အေး သင်္ချာစာအုပ်များ၊ ပညာဗိမာန် စာအုပ်တိုက် - စသည်တို့ကို အောင်မြင်စွာ တည်ထောင်နိုင်ခဲ့သည်။

ရန်ကုန်တက္ကသိုလ်ရောက်ကတည်းက တက္ကသိုလ်စာကြည့်တိုက်အပြင် ကမ္ဘာအေးစာကြည့်တိုက်တို့မှာ ဗုဒ္ဓစာပေများကို ကျယ်ပြန့်စွာ လေ့လာခွင့်ရခဲ့ပါသည်။

(၁၉၉၆) ခုမှာ နှစ်ကိုယ်ရှစ်ဆူဗုဒ္ဓဝင်ကို တစ်နိုင်ငံလုံးသိ စောင်ရေ (၁)သိန်းခန့် မမ္မဒါနဖြန့်ချိခဲ့သည်။ ပိဋကသုံးပုံ အစုံ (၃၀)ကျော်ကို လှူဒါန်းခဲ့သည်။ (၂၀၀၀)ပြည့်နှစ်က ဗုဒ္ဓဂယာမှ ပြန်လာကတည်းက ဗုဒ္ဓစာပေများကို ထုတ်ဝေရန်အားစိုက်နိုင်လာပြီ ဖြစ်ပါသည်။

၂၀၀၃ ခုနှစ်က နှစ်ကိုယ်ရှစ်ဆူ ဗုဒ္ဓဝင် ပိုစတာ (အသေး)နှင့် (အကြီး)၊ နှစ်ကိုယ်ရှစ်ဆူ ဗုဒ္ဓဝင် ရှင်းလင်းချက်များ စာအုပ်တို့ကို ဖြန့်ချိခဲ့ပါသည်။

# မှီငြမ်းကျမ်းနှင့် ကျေးဇူးတင်စကား

ဤကျမ်းငယ်ကို ပြုစုရန်အတွက် (၁) (၂၄)ပစ္စည်း အိုင်ဆောင်စာအုပ်အမျိုးမျိုး (၂) အရှင်ဇနကာဘိဝံသ၏ အမြဲပြုပွားနိုးတရားတော် (၃) (သာသနာရေးဝန်ကြီးဌာန)ဆရာကြီး ဦးဝေ ဂျာလှတ်၏ သဒ္ဒမ္မဇောတိကပဒ္ဓာန်း (၄) မဟာဗုဒ္ဓဝင် ဒုတိယတွဲ (၅) ဘာသာရေးအမေးအဖြေကဏ္ဍများ (လက်လှမ်းမီသမျှ) မှသည်တို့မှ မှီငြမ်းပြုစုထားပါသည်။

ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာသမားများနှင့်တကွ အထက်ပါ ကျမ်းပြုစုသူ ဆရာတော်၊ ပညာရှင်များ၊ ကျမ်းငယ်ပြုစုရန် ရှာဖွေစီစဉ်ပေးတော်မူသော ဦးတေဇာလင်္ကာရ နှင့် ဦးပညာဇောတ(မင်္ဂလာရာမပါဠိတက္ကသိုလ်၊ သိမ်ဖြူလမ်း)၊ စာရေးသူ လိုချင်သည့် ပုံစံမရမချင်း အကြိမ်ကြိမ်ပြင်၍ ပန်းချီကောက်ကြောင်းဆွဲပေးသူ ပန်းချီ ဦးကျော်ဖြူ၊ စိတ်တိုင်းကျ အရောင်သွင်းပေးသည့် ဂရပ်ဖစ် ကိုလှထွန်း၊ ကွန်ပြူတာဆရာ ဦးတင်မြင့် တို့အား ကျေးဇူးအထူးတင်ရှိပါကြောင်း မှတ်တမ်း တင်အပ်ပါသည်။

“အပ္ပမာဒေန သမ္ပာဒေထ” မမေ့မလျော့သော သတိတရားဖြင့် ကိစ္စခပ်သိမ်း ပြီးပြည့်စုံအောင် အားထုတ်နိုင်ကြပါစေသတည်း။

*Science Scholarship* ခင်မောင်အေး

# ပညာပါရမီ အလှူငွေ

## ဝိုင်းကြဝန်းကြလို့ ဒီလောက်ကောင်း
## ဒီလောက်စျေးသက်သာ ဒီလောက်ပုံနှိပ်နိုင်သွားတာပါ။

သိမ်ဖြူလမ်း မင်္ဂလာရာမကျောင်းတိုက်မှ ဦးပဥ္စင်း ဦးပညာဇောတ ကစာအုပ်ရှာဖွေရေးအတွက် ကူညီကာ စာချဆရာတော်ဦးတေဇာလင်္ကာရ (သာသနဓဇ ဓမ္မာစရိယ) က လည်း ရှာဖွေပေးသည့်အပြင် ပါဠိပါဌ်ဆင့် အမှားအယွင်းကင်းအောင် တစ်လုံးစနှစ်လုံးစကစပြီး ပြင်ပေးခဲ့ပါသည်။

ပန်းချီဆရာ ဦးကျော်ဖြူစံ၊ ဂရပ်ဖစ် ကိုလှထွန်း၊ ကွန်ပျူတာဆရာ ဦးတင်မြင့်တို့သည် ရည်ရွယ်ချက်ကို သဘောကျကြလို့ ကရိကထများသလောက် ငွေပိုမယူကြဘဲ စျေးလည်းလျှော့ယူကြပါသည်။ စေတနာလည်းထားပြီး အထူးကြိုးစားပေးကြပါသည်။ ဦးကျော်ဖြူစံသည် သူ၏ပန်းချီဆရာ မာနကိုဘေးဖယ်ထားပြီး တရား၏အနှစ်သာရကို တိမ်းပါးလွဲချော်မှုမရှိအောင် စာရေးသူနှင့် အကြိမ်ကြိမ်ညှိနှိုင်းပြီးမှ ရေးဆွဲပေးခဲ့ရပါသည်။ ပညာနှင့်သဒ္ဓါကို အဓိကမထားဘဲ ပဋ္ဌာန်းတရားတော်၏ အရှိန်အဝါကိုသာ ဦးစားပေးကာ ပြင်သင့်လျှင်ပြင်ပေးခဲ့သည့်အတွက် ထိုကျေးဇူးကို အမြဲပဲ သတိရနေပါသည်။

ပုံနှိပ်ဆရာ ကိုတွတ်ပီကလည်း ဒီသေးသေးနုပ်နုပ်လေး

ကို လက်ဝင်သလောက် ပညာကုန် ထုတ်သုံးထားရပါသည်။ စာအုပ်ချုပ် ကိုရဲအောင်နှင့် ဦးသန်းအောင်တို့အဖွဲ့ကလည်း မမှားမယွင်းရအောင် အထူးသေသပ်စွာ ကြိုးစားပေးကြပါသည်။

ဒီစာမူကို သဘောကျပြီး ရှောရှောရှူရှူ ထုတ်ဝေခွင့်ပြုခဲ့သည့် သာသနာရေးဦးစီးဌာနရှိ တာဝန်ရှိလူကြီးမင်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။ ရင်းအပြင် ဖြန့်ချိရေးအတွက် အထောက်အပံ့ပေးသည့် မြတ်မင်္ဂလာ မင်္ဂလာမောင်မယ် စာစောင်တို့၏အယ်ဒီတာချုပ် ဆရာကြီးမင်းယုဝေ နှင့် အဖွဲ့ကလည်း စေတနာအပြည့်အဝထားကာ ကူညီပေးခဲ့ကြပါသည်။

ဒီစာအုပ်ကို ဖြန့်ချိရောင်းချပေးသော စာအုပ်ဆိုင်၊ ကိုယ်စားလှယ်များနှင့်တကွ စာအုပ်လေးကို နှစ်သက်သဘောကျလို့ (၂)အုပ်၊ (၅)အုပ်မှသည် အုပ်(၅၀၀)ထိ တတ်နိုင်သလောက် ဝယ်ယူပြီးမှ မှဒါနပြုကြသူ မှမိတ်ဆွေများကိုလည်း ကျေးဇူးအထူးတင်ရှိပါသည်။

ထို့ကြောင့် တစ်ဆင့် မှဒါနပြုသူများကိုလည်း လျှော့နိုင်သမျှလျှော့ပေးပါသည်။ တခြားစာအုပ်၊ ပို့စတာကားချပ်တို့ကိုလည်း ငွေကြေးမယူဘဲ ထပ်မံမှဒါနပြုနေဆဲ ဖြစ်ပါသည်။

"နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓဝင်နှင့်ရှင်းလင်းချက်များ"

* သမ္ဗုဒ္ဓေဂါထာကို ရွတ်ဖတ်ပူဇော်သောကြောင့် အန္တရာယ်ကင်း ဘေးရှင်းကြောင်း ဗုဒ္ဓဘာသာဝင်တိုင်းသိထားကြသော်လည်း ဘုရားဟောစစ်စစ် ၂၈-ဆူဗုဒ္ဓဝင်ကိုသာ ပူဇော်ကြပါလျှင် အဆမတန်အကျိုးကြီးမားကြောင်း သိရှိသူဗုဒ္ဓဘာသာဝင် နည်းပါးနေပါသေးသည်။

* ၂၈-ဆူဗုဒ္ဓဝင်ကို သာမန်သိထက် အသိဉာဏ်ဖြင့်နားလည် သဘောပေါက်စေရန် (၁)မတူ၈-မျိုး၊ (၂)ခေတ်သိပ္ပံပညာရှင်များ အလိုအရ လူ့သက်တမ်းတိုလာရခြင်းအကြောင်းရင်းများ၊ (၃) ဗုဒ္ဓနည်းကျလူ့သက်တမ်းတိုရခြင်းအကြောင်း၊ (၄)ကမ္ဘာရေတွက်ပုံ၊ (၅)မဟာကပ်နှစ်မျိုး၊ (၆)တစ်ကမ္ဘာ၏သက်တမ်းကို နှစ်ဖြင့်မှန်းဆခြင်း၊ (၇)သမ္ဗုဒ္ဓေဂါထာမှ ၅-သိန်း ၁-သောင်း ၂-ထောင် ၂၈-ဆူ၊ (၈)ဘုရားလောင်း ၃-မျိုး၊ (၉)ဒုက္ကရစရိယာ ၆-နှစ်ကျင့်ရခြင်းအကြောင်း၊ (၁၀)ဂေါတမဘုရားသက်တော် ၈၀-ဖြစ်ရခြင်း၊ (၁၁)ဆုတ်ကပ်မှာသာ ဘုရားပွင့်နိုင်၊ (၁၂)သက်တမ်း ၁-သိန်းနှင့် ၁၀၀-ကြားသာ ဘုရားပွင့်၊ (၁၃)ပါရမီကံ အဆောက်အအုံရင့် ပါမှ ဘုရားပွင့် (၁၄)ဂေါတမမြတ်စွာဘုရားသည် အနှစ် ၁-သောင်းတမ်းတွင် ပွင့်ထိုက်သည်ဆိုသော်လည်း၊ (၁၅)ဘဒ္ဒကမ္ဘာတွင် ဆုတ်ကပ်တိုမှာ ဘုရားပွင့်ပုံကို ပုံဖြင့်ပြရလျှင်၊ (၁၆)မြတ်စွာဘုရား

တို့ အသက်တော်ရှည်ခြင်း၊ တိုခြင်းအကြောင်းရင်း (၁၇)ဂေါတမ မြတ်စွာဘုရားထံ အရိမေတ္တယျဘုရားလောင်း နိယတဗျာဒိတ်ရပုံ၊ (၁၈)အရိမေတ္တယျဘုရားကို ဖူးခွင့်ရမည့်သူများ၊ (၁၉)နောက်ပွင့်မည့်ဘုရားကို မျှော်မှန်းသတ်သက်ဖြင့်မရ၊ (၂၀)အရိမေတ္တယျဘုရား ပွင့်ပြီးသော်၊ (၂၁)ဘဒ္ဒကမ္ဘာပြီး ကမ္ဘာ ၁-သိန်းကျော်လွန်မှ ဘုရား ၂-ဆူ၊ ၁-ဆူ စသည်တို့ပွင့်မည်၊ (၂၂)ဂေါတမဗုဒ္ဓ၏အရပ်တော် ၁၈-တောင်ဖြစ်ရခြင်းအကြောင်းရင်း(၂၃) ဘုရားမပွင့်ခဲ့သော အသင်္ချေနှင့်ကမ္ဘာများ၊ (၂၄)ဘုရားလောင်းတို့မည်သည် နတ်ပြည်၌ ကြာရှည်မနေ၊ (၂၅)ဗောဓိဉာဏ် ၃-ဆင့်၊ (၂၆) သာဝက ၃-ဆင့်၊ (၂၇)ဗျာဒိတ်ရခြင်းအင်္ဂါ ၈-ပါး၊ (၂၈)ပုထုဇဉ် ဦးနှောက်ဖြင့်လိုက်၍ မမီနိုင်၊ (၂၉)လူတိုင်းငရဲပြည်မကျဖူးသူ မရှိခဲ့ (၃၀)လူ၊ နတ်၊ဗြဟ္မာ၊ ငရဲ တိရစ္ဆာန် သတ္တဝါအားလုံး ဆွေမျိုးတော်ခဲ့ဖူးကြ၊ (၃၁)အခု ခေတ်လူသားတွေမှာ နတ်မျက်စိ၊ နတ်နားများရရှိနေပြီ။ သို့သော် . . . စသည်တို့ဖြင့် ရှင်းလင်းထားပုံတို့သည် တိုတိုနှင့်လိုရင်းကို ထိရောက်စေပါသည်။

နှစ်ကျိပ်ရှစ်ဆူ စာအုပ်တစ်အုပ် ၁၅ိ/- (မြန်း ၁၂ိ/-)
နှစ်ကျိပ်ရှစ်ဆူဗုဒ္ဓဝင် ပိုစတာအကြီး ၂၀ိ/- (မြန်း ၁၅ိ/-)
နှစ်ကျိပ်ရှစ်ဆူဗုဒ္ဓဝင် ပိုစတာအသေး (မြန်း ၂ိ/-)